

# စစ်အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ အပတ်စဉ်ထုတ်ပြန်ချက်

၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့မှ ၂၃ ရက်နေ့အထိ



**၁,၄၈၈+**

သတ်ဖြတ်ခံရ



**၁၁,၆၆၅+**

ဖမ်းဆီးခံခဲ့ရ



**၈,၇၁၆+**

ချုပ်နှောင်ခံထားရဆဲ



**၁,၉၆၆+**

ဖမ်းဝရမ်းထုတ်ခံရ

လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

# အကျဉ်းချုပ်

အကြမ်းဖက်စစ်အာဏာရှင်တို့၏ အက်ကြောင်းများကို တွေ့မြင်နေရသည်။ အပျက်အစီး အသေအပျောက်များခဲ့ပြီး လူသစ်စုဆောင်းရေးအတွက် ရုန်းကန်နေရသည်။ အကြမ်းဖက်စစ်အာဏာရှင်၏ တရားဝင်မှုအတွက် အဆက်မပြတ်တောင်းဆိုနေမှုကို ရပ်တန့်၍ မရနိုင်သော နွေဦးတော်လှန်ရေးသည် ဖြုတ်ချနိုင်သောကြောင့် အကြမ်းဖက်စစ်အာဏာရှင်ကို ထောက်ခံမှု ယခင်ထက်နည်းပါးလာသည်။ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) ၏ အဆိုအရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း အကြမ်းဖက်တပ်သား ၁၆၀ ကျဆုံးခဲ့သည်။

အကြမ်းဖက်စစ်တပ်သည် ရာထူးအလတ်တန်းစား စစ်သည်များ၏ ဇနီးများနှင့် အသက် ၁၅ နှစ်အထက် သားသမီးများအား မသင်မနေရ စစ်သင်တန်းတက်ရောက်စေကာ လူသစ်စုဆောင်းရေး နည်းဗျူဟာများကို အတင်းအကြပ် တိုးမြှင့်လုပ်ဆောင်နေချိန် စစ်ကူများ ထပ်မံစေလွှတ်သောကြောင့် အသေအပျောက်များ ဆက်လက်တိုးလာနေသည်။ တိုက်ပွဲများအတွင်း ကလေးသူငယ် အသုံးပြုခြင်းကို တင်းကြပ်စွာ တားမြစ်ထားသည်။ စစ်အာဏာရှင်မှ ဥပဒနှင့်မညီသော လုပ်ရပ်များကို ဆက်လက်လုပ်ဆောင်နေသကဲ့သို့ အကြမ်းဖက်တပ်သားများသည် မကြုံစဖူးသော နှုန်းဖြင့် ကျဆုံးနေသည်။ ထိုအချက်ကိုတုံ့ပြန်ရန် အကြမ်းဖက်စစ်တပ်သည် စစ်မှုထမ်းဟောင်းများကို အသုံးချ၍ တော်လှန်ရေး လှုပ်ရှားမှုကို တိုက်ဖျက်ရန် ကြိုးပမ်းခဲ့သည်။ စစ်သားနှင့် ရဲတပ်ဖွဲ့ဝင် ၈၀၀၀ ကျော်သည် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM)တွင် ပါဝင်ခဲ့ပြီး ခန့်မှန်းခြေ တပ်သား ၂၀၀၀ ကျော်သည် တပ်မှထွက်ပြေးနေကြပြီး ထိုထက်မက အကြမ်းဖက်စစ်တပ်ကို စွန့်ခွာရန် စဉ်းစားနေကြသည်။ NUG သည် ပြည်သူနှင့် ပူးပေါင်းလာသော တပ်သားများကို အကာအကွယ်ပေးထားသည်။

အကြမ်းဖက်စစ်တပ်၏ လေကြောင်းဖြင့် ဆက်လက်တိုက်ခိုက်မှုများသည်နှင့် လေကြောင်းတိုက်ခိုက်မှုအပေါ် မှီခိုအားထားမှုသည် တပ်မတော်နှင့် ပြည်သူကြားတိုက်ပွဲတွင် အကြမ်းဖက်စစ်တပ်မှ ရှုံးနိမ့်ခြင်း ဖြစ်သည့်အပြင် အားနည်းသည့် လက္ခဏာတစ်ရပ်လည်း ဖြစ်သည်ဟု ကျွမ်းကျင်သူများ ယူဆကြသည်။ မည်သို့ပင်ဆိုစေကာမူ အကြမ်းဖက်စစ်တပ်မှ အပြစ်မဲ့အရပ်သားများအပေါ် ရက်စက်ကြမ်းကြုတ်စွာ ပစ်မှတ်ထား တိုက်ခိုက်မှုကြောင့် နယ်စပ်ဒေသများနှင့် အနီးအနားရှိ မြို့နယ်အသီးသီးသို့ ထွက်ပြေးတိမ်းရှောင်ရသောကြောင့် ဒုက္ခသည် အကျပ်အတည်းကို ဖန်တီးပေးလျက်ရှိသည်။ ပြီးခဲ့သည့် သီတင်းပတ်အတွင်း အစည်းအဝေးတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးသံတမန် Noeleen Heyzer မှ မြန်မာနိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကို တုံ့ပြန်ရာတွင် ပိုမိုတက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ရန် ထိုင်းနိုင်ငံအား တောင်းဆိုခဲ့သည်။ ယခုအခါ နိုင်ငံတွင်း၌ အကူအညီလိုအပ်နေသော လူပေါင်း ၃ သန်းကျော်ရှိပြီး ၎င်းတို့၏ အခြေခံအခွင့်အရေးများနှင့် ရှင်သန်ရပ်တည်ရေးအတွက် ပြင်းပြင်းထန်ထန်ဆုံးရှုံးနေကြရသည်။ အထောက်ပံ့ အကူညီလိုသူ အများစုမှာ အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများ ဖြစ်ကြသည်။

နိုင်ငံတကာအသိုက်အဝန်းက အချိန်နှင့်အမျှ တုံ့ပြန်ဆောင်ရွက်နေချိန်တွင် မြေပြင်ပေါ်ရှိ ပြည်သူများ ဒုက္ခရောက်နေကြပါသည်။ စစ်အစိုးရသည် ကျယ်ပြန့်သော တာဝန်ခံမှုကိုရှောင်တိမ်းနေဆဲဖြစ်ပြီး ရလဒ်အနေဖြင့် ၎င်းတို့၏ ထိုးစစ်များကို ရပ်တန့်ရန် ပျက်ကွက်ခဲ့သည်။ ယင်းအစား၊ ၎င်းတို့သည် ခုခံချေပမှုအားလုံးကို စရိတ်စကဖြင့် ချေမှုန်းရန် ၎င်းတို့ ၏ တပ်ဖွဲ့များကို တိုးချဲ့ရန် သန္နိဋ္ဌာန်ချထားပါသည်။ ကမ္ဘာ့ခေါင်းဆောင်များသည် ရည်ရွယ်ချက်ရှိရှိနှင့် အရေးတကြီးလုပ်ဆောင်ကြရမည်ဖြစ်သည်။ စစ်အစိုးရ၏ ရာဇဝတ်မှုများတွင် ကျူးလွန်ခံရသူများနှင့် မိသားစုများစွာတို့သည် တရားမျှတမှုနှင့် ထိုက်တန်ကြောင်း ကြား နာရမည်ဖြစ်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းမှ အချိန်နှင့်အမျှ တုံ့ပြန်ဆောင်ရွက်ရန် တုံ့ဆိုင်းနေချိန် မြေပြင်ပေါ်မှ ပြည်သူများ ဒုက္ခရောက်နေကြသည်။ အကြမ်းဖက် စစ်အာဏာရှင်သည် ကျယ်ပြန့်သော ချိုးဖောက်မှုများအတွက် တာဝန်ခံရန် ဆက်လက်တိမ်းရှောင်နေသောကြောင့် ၎င်းတို့၏ ထိုးစစ်ဆင် တိုက်ခိုက်မှုများကို ရပ်တန့်ရန် ပျက်ကွက်ခဲ့သည်။ ယင်းအစား အကြမ်းဖက်စစ်တပ်သည် ခုခံချေပမှုအားလုံးကို တက်နိုင်သမျှ ချေမှုန်းရန် ၎င်းတို့၏ တပ်ဖွဲ့များကိုတိုးချဲ့ရန်သန္နိဋ္ဌာန်ချထားသည်။ ကမ္ဘာ့ခေါင်းဆောင်များသည် ရည်ရွယ်ချက်ရှိရှိဖြင့် အရေးပေါ်အရေးယူ ဆောင်ရွက်ရမည်ဖြစ်သည်။ အကြမ်းဖက်စစ်အာဏာရှင် ကျူးလွန်ခဲ့သော ရာဇဝတ်မှုများတွင် ကျူးလွန်ခံရသူများနှင့် မိသားစုများစွာတို့သည် တရားမျှတမှုနှင့် ထိုက်တန်ကြောင်း ကြားနာရမည်ဖြစ်သည်။

# တိုင်းရင်းသားဒေသများရှိ ပဋိပက္ခများ

## ချင်းပြည်နယ်

ချင်းပြည်နယ်တွင် အကြမ်းဖက်စစ်တပ်အပေါ် ခုခံဆန့်ကျင်မှုများ ပြင်းထန်နေဆဲဖြစ်သည်။ ချင်းလူမျိုး ၈၉၂ ဦးဖမ်းဆီးခံရခြင်းအပြင် သတ်ဖြတ်ခြင်းနှင့် ဥပဒေမဲ့သေဆုံးမှု ၁၈၀ ကျော်ကို ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) မှ မှတ်တမ်းတင်ထားသည်ဟု ထုတ်ပြန်ခဲ့သည်။ တပ်အင်အား ၁၅၀ ကျော်ကို တင်ဆောင်လာသော အကြမ်းဖက်စစ်တပ်အား ချင်းပြည်နယ်မြောက်ပိုင်း ဟိန်းဇိန်ရွာအနီးတွင် ဒေသခံကာကွယ်ရေးတပ်ဖွဲ့မှ တိုက်ခိုက်ပြီးနောက် တိုက်ပွဲပြင်းထန်နေပြီး စစ်တပ်မှ လေကြောင်းဖြင့် တိုက်ခိုက်ခဲ့သည်။

အကြမ်းဖက်စစ်တပ်သည် ရာထူးအလတ်တန်းစား စစ်သည်များ၏ ဇနီးများနှင့် အသက် ၁၅ နှစ်အထက် သားသမီးများ ပါဝင်သော လူသစ်စုဆောင်းရေး နည်းဗျူဟာများကို အတင်းအကြပ်တိုးချဲ့လုပ်ဆောင်လာကာ ချင်းပြည်နယ်သို့ စစ်ကူများ ထပ်မံစေလွှတ်သောကြောင့် အသေအပျောက်များ တိုးလာလျက်ရှိသည်။

အရပ်သားများအပေါ် ထိတ်လန့်ဖွယ်ကောင်းသည့် ရာဇဝတ်များကို ကျူးလွန်ခဲ့သော အထောက်အထားများ ဆက်လက်ထွက်ပေါ်နေသည်။ ချင်းပြည်နယ် မတူပီမြို့နယ်တွင် အကြမ်းဖက်စစ်တပ်မှ ဖမ်းဆီးခေါ်ဆောင်သွားသည့် အရပ်သား ၁၀ ဦးအား မသတ်ဖြတ်မီ ပြင်းထန်စွာ ညှဥ်းပန်းနှိပ်စက်သည့် လက္ခဏာများ တွေ့ရှိခဲ့သည်။ သေဆုံးသွားသူများထဲတွင် ၁၃ နှစ်အရွယ် ကလေးငယ်တစ်ဦး လည်လှီးသတ်ဖြတ်ခံခဲ့ရသည်။ သတ်ဖြတ်မှုအတွက် မတူပီအခြေစိုက် ခြေမြန်တပ်ရင်း ၁၄၀ မှ တာဝန်ရှိကြောင်း CHRO ထုတ်ဖော်ပြောကြားခဲ့သည်။

ထိုးစစ်ဆင်တိုက်ခိုက်မှုများ တိုးလာခြင်းကြောင့် ခုခံတော်လှန်ရေးတပ်ဖွဲ့ဝင်များကို ပိုမိုဆိုးရွားလာမည့် အကြမ်းဖက်တိုက်ခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်ရန် တွန်းအားပေးခဲ့သည်။ “ပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင်စစ်ဆင်ရေးများ ပိုမို လုပ်ဆောင်နိုင်ဖွယ် ရှိကြောင်း” ချင်းအမျိုး သားတပ်ဦး၏ ပြောရေးဆိုခွင့်ရှိသူမှ ပြောကြားခဲ့သည်။

## ကရင်ပြည်နယ်

စစ်အာဏာရှင်၏ အကြမ်းဖက်မှုများကြောင့် ဒုက္ခသည်များနှင့် ပြည်တွင်း နေရပ်စွန့်ခွာ စစ်ပြေးရှောင်များ ဆက်လက်ထွက်ပြေးနေရသည်။ ပြီးခဲ့သည့်လအတွင်းမြေလှန်စနစ်ဖြင့် ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် ဒေသခံ ၅၀၀၀၀ နီးပါးနေရပ်စွန့်ခွာစစ်ဘေးတိမ်းရှောင်ခဲ့ရသည်။ ကရင်အမျိုးသားအစည်းအရုံး (KNU) ထိန်းချုပ်နယ်မြေများရှိ အနီးအနားကျေးရွာများသို့ ဘေးကင်းရာသို့ထွက်ပြေး ခိုလှုံလာသော စစ်ဘေးရှောင်များ တိုးလာလျက်ရှိသည်။ ကရင်အရပ်ဘက်အဖွဲ့အစည်းများနှင့်ဒေသခံအဖွဲ့အစည်းများသည် အရေးပေါ်လိုအပ်လျက်ရှိသော အမိုးအကာ၊ စားနပ်ရိက္ခာနှင့် အခြေခံတစ်ကိုယ်ရေသုံး ပစ္စည်းများကို အရေးပေါ် တုန့်ပြန်ဆောင်ရွက်ပေးခဲ့သည်။

နယ်စပ်ဒေသတစ်လျှောက်တွင် ဒုက္ခသည် ၃၀၀၀ နှင့် ၅၀၀၀ ကြား ရှိနေသည်။ ထွက်ပြေးတိမ်းရှောင်ရသည့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အို ဒုက္ခသည်များသည် အစားအသောက်နှင့် သောက်သုံးရေသန့်အပါအဝင် ဆေးဝါးများ လိုအပ်နေသည်။ အကြမ်းဖက် စစ်တပ်သည် ကရင်လက်နက်ကိုင်အဖွဲ့သာမက အပြစ်မဲ့ အရပ်သား ပြည်သူများကိုပါ လေကြောင်းနှင့် မြေပြင်တွင် မြေလှန်တိုက်ခိုက်နေသကဲ့သို့–ဇန်နဝါရီ ၁၃ ရက်တွင်လည်း စစ်ပြေးဒုက္ခသည်များ ခိုလှုံနေသည့် တိုး တက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော်DKBA အခြေစိုက်စခန်းကို လေကြောင်းမှ စီးနင်းတိုက်ခိုက်ခဲ့သည်။

## ကရင်နီပြည်နယ်

အကြမ်းဖက် စစ်အာဏာရှင်၏ အောက်တွင် မည်သူမျှမလုံခြုံပါ။ ကယား (ကရင်နီ)ပြည်နယ် အတိုင်ပင်ခံကောင်စီ (KSCC) မိမိတို့၏ အသက်လုံခြုံရေးနှင့် ကာကွယ်ရေးအတွက် ဗုံးခိုကျင်းများ တူးထားကြရန် နိုးဆော် ထုတ်ပြန်ခဲ့သည်။ ထိုအရေးပေါ်ထုတ်ပြန်ချက်ကို ဇန်နဝါရီလ ၁၇ ရက်နေ့တွင် လူ ၇ ဦးသေဆုံးခဲ့သော စစ်ဘေးရှောင်စခန်း နှစ်ခုတို့ကို လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခံရပြီးနောက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဇန်နဝါရီလ ၁၆ ရက်နေ့ နမ့်မယ်ခုံမြို့တွင်လည်း အရပ်သားများကို တိုက်ရိုက်ပစ်မှတ်ထားသော လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုကြောင့် ဆေးဝန်ထမ်း (၃) ဦး သေဆုံးခဲ့သော ဖြစ်ရပ်တစ်ခု ဖြစ်ခဲ့ သေးသည်။ အကြမ်းဖက်စစ်တပ်သည် အရပ်သားနှင့် ခုခံတော် လှန်ရေးတပ်သားများကို ခွဲခြားမှုမရှိကြောင်း သတ်ဖြတ်နေသည်ကို ရှင်းရှင်းလင်းလင်း တွေ့မြင်ရကြောင်း KSCC မှထုတ်ပြန်ခဲ့သည်။ လူမျိုးတုံးသတ်ဖြတ်မှုကို ကျူးလွန်နေပြီး ရက်စက်ကြမ်း ကြုတ်သော အကြမ်းဖက်မှုများ တိုးလာနိုင်သည်။

ကရင်နီအမျိုးသားများကာကွယ်ရေးတပ် KNDF ၏ အဆိုအရ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့နှင့် ၁၇ ရက်နေ့အကြား အကြမ်းဖက်စစ်တပ်မှ ပြည်နယ်တွင်း လေကြောင်းဖြင့် အနည်းဆုံး ၈ ကြိမ်ထက်မနည်း တိုက်ခိုက်ခဲ့သည်။

"မြန်မာလူမျိုးတွေဟာ
အံ့သြစရာကောင်းလောက်အောင်
စည်းလုံးညီညွတ်ပြီး အရင်ကထက်
ပိုစည်းလုံးတယ်ဆိုတာ ရှင်းရှင်းလင်းလင်း
သိနိုင်ပါတယ်။ မြန်မာပြည်သူအားလုံးရဲ့ တစ်ခု
တည်းသော ရည်မှန်းချက်ကတော့
စစ်အာဏာရှင်စနစ်လုံးဝပျက်သုန်းရေးဖြစ်သည်။
မြန်မာပြည်သူရဲ့အောင်ပွဲကတော့
လက်တကမ်းအလိုမှာ ရောက်နေပါပြီ။"




အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြသူများ (၂၀၂၁ ခုနှစ် ဒီဇင်ဘာလ)
Source: AFP/ The Irrawaddy

နေဘုန်းလတ်– ၂၀၁၆–၂၀၂၀ ခုနှစ် ရန်ကုန်တိုင်း
ဒေသကြီးမှ ဖြုတ်ချခံ အမျိုးသား ဒီမိုကရေစီ
အဖွဲ့ချုပ်ပါတီမှ လွှတ်တော် အမတ်ဟောင်း

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဒီဇင်ဘာ ၁၇ ရက်နေ့

နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်ကို လက်ရှိတရားစွဲထားသည့်အဂတိမှု ၅ မှုအပြင် အဂတိ ၅ မှု ထပ်တိုး တရားစွဲခဲ့သည်။

## ဒီဇင်ဘာ ၁၈ ရက်နေ့

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ စစ်အာဏာသိမ်းပြီးနောက် မှုခင်းများ သိသိသာသာတိုးလာသောကြောင့် ရန်ကုန်မြို့အား လုံခြုံမှုမရှိဆုံးသော မြို့တစ်မြို့ အဖြစ်သတ်မှတ်ခဲ့သည်။

## ဒီဇင်ဘာ ၁၉ ရက်နေ့

မြန်မာနိုင်ငံ တောင်ဘက်ပိုင်းမှ သတင်းထောက်နှစ်ဦး ထပ်မံအဖမ်းခံခဲ့ရသည်။ ND-Burma အဖွဲ့ဝင်အဖွဲ့အစည်းဖြစ်သော မွန်ပြည်လူ့အခွင့်အရေးအဖွဲ့၏ သတင်းများအရ တနင်္သာရီတိုင်းအခြေစိုက် Dawei Watch သတင်းဌာနမှ သတင်းထောက် ကိုဇော်၊ မမိုးမြင့်နှင့် ရိုးဂန်ထမ်း ကိုသားကြီးတို့ ၃ဦးကို စစ်တပ်မှ နေအိမ်အသီးသီးတွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။ ဖမ်းဆီးခေါ်ဆောင်သွားသူများကို မည်သည့်နေရာတွင် ထိန်းသိမ်းထားကြောင်း မသိရသေးပေ။

## ဒီဇင်ဘာ ၂၀ ရက်နေ့

"မီးမပျက်တဲ့ရက် တစ်ရက်မှ မရှိဘူး ဆိုသော" မြန်မာနိုင်ငံအနှံ့မီးပြတ်တောက်ခြင်းကြောင့် စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူတို့အပေါ် ထိခိုက် ထိခိုက်နစ်နာစေသည်။

# နေ့စဉ်အလိုက် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ

## ဒီဇင်ဘာ ၂၁ ရက်နေ့

ရန်ကုန်တက္ကသိုလ် ပါမောက္ခ ဒေါက်တာ အာကာမိုးသူအား အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြပွဲကို ဦးဆောင်မှုဖြင့် အကြမ်းဖက်စစ်တပ်မှ ထောင်သုံးနှစ် ချမှတ်ခံခဲ့ရသည်။

## ဒီဇင်ဘာ ၂၂ ရက်နေ့

ရေနံကုမ္ပဏီများဖြစ်သော Chevron Corp နှင့် Total Energies တို့မှ လူ့အခွင့်အရေးချိုးဖောက်မှုများ ပိုမို ဆိုးရွားလာသောကြောင့် မြန်မာနိုင်ငံမှ ထွက်ခွာတော့မည်ဟု ကြေငြာခဲ့သည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကုမ္ပဏီများကို ရုပ်သိမ်းရန် လပေါင်းများစွာ ဖိအားပေးမှုများ တိုးလာခဲ့သည်။

## ဒီဇင်ဘာ ၂၃ ရက်နေ့

Total Energies နှင့် Chevron Corp တို့မှ မြန်မာနိုင်ငံမှ ထွက်ခွာရန် ဆုံးဖြတ်ချက်ကို အမျိုးသားညီညွတ်ရေးအစိုးရ NUG မှ ကြိုဆိုခဲ့သော်လည်း မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ရန် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပျက်ကွက်မှုကို စိုးရိမ်နေကြဆဲဖြစ်သည်။




လူ့အခွင့်အရေးမှတ်တမ်းကွန်ရက် (မြန်မာနိုင်ငံ)

https://nd-burma.org/

https://twitter.com/NDBurma/

https://facebook.com/theNDBurma